
# မြန်မာနိုင်ငံတွင် တိုက်ပွဲများ အရှိန်မြင့်လာခြင်း

## အရေးပေါ်သတင်းအချက်အလက် အမှတ်စဉ် (၁၀)

*၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့အခြေအနေ*

## အဓိကအချက်အလက်များ




- မြန်မာနိုင်ငံ၏ ဒေသအများအပြားတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) ပါဝင်သည့် လက်နက်ကိုင် တပ်ဖွဲ့အမျိုးမျိုးနှင့် မြန်မာ့တပ်မတော် (MAF) တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။
- အောက်တိုဘာလ ၂၆ ရက်နေ့တွင် တိုက်ပွဲများ အရှိန်မြင့်လာချိန်မှစ၍ လူဦးရေ ၆၆၀၀၀၀ ကျော်တို့ လတ်တလောနေရပ်စွန့်ခွာနေကြရကြောင်း ခန့်မှန်းထားပြီး၊ ပြည်သူအချို့မှာ အကြိမ်ကြိမ်နေရပ်စွန့်ခွာ ထွက်ပြေးနေရကာ၊ နေရပ်သို့ စတင်ပြန်လာနေသူများလည်း ရှိနေသည်။ မြန်မာတစ်နိုင်ငံလုံးတွင် လက်ရှိ နေရပ်စွန့်ခွာရသူအရေအတွက် ၂ ဒသမ ၆ သန်း ရှိလာပြီ ဖြစ်သည်။
- တည်ငြိမ်မှုမရှိသော အခြေအနေများကြောင့် အရပ်သားထိခိုက်သေဆုံးမှုများ၊ ဥပဒေမဲ့ဖမ်းဆီးမှုများ၊ ခေါင်းပုံဖြတ်မှုများ၊ အတင်းအကျပ်တပ်သား စုဆောင်းမှုများ၊ အဓမ္မခိုင်းစေမှုများတိုးလာခြင်း အပါအဝင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သိသာထင်ရှားသော အန္တရာယ်များကို ဖြစ်ပေါ်စေပါသည်။
- စားနပ်ရိက္ခာ၊ ဘေးကင်းသည့် အမိုးအကာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ အခြေခံကျန်းမာရေး ဝန်ဆောင်မှုများနှင့် ကာကွယ်စောင့်ရှောက်ရေးအကူအညီများကို ဦးစားပေးလိုအပ်ချက်များအဖြစ် ဆက်လက် သတ်မှတ်ထားဆဲဖြစ်ပြီး၊ ကုန်သွယ်ရောင်းဝယ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပို့ဆောင်ရေးလမ်းကြောင်းများကို ပိတ်ဆို့ခံထား ရခြင်းကြောင့် ဒေသအများအပြားတွင် မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ မလောက်မငဖြစ်နေကြောင်း အစီရင်ခံမှုများ ရှိနေသည်။
- လုံခြုံရေးစိတ်မချရခြင်းနှင့် သွားလာရေး၊ ဆက်သွယ်ရေးအခက်အခဲများ ရှိနေသည့်ကြားမှပင်၊ အခြေအနေပေးသည့်နေရာများတွင် ဘေးဒဏ်သင့်ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော လူသားချင်းစာနာမှုအကူအညီများကို နည်းလမ်းအမျိုးမျိုးပြောင်းလဲအသုံးပြု၍ ဆက်လက်ပေးအပ်နေပါသည်။ ယခုအခါတွင် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေရပ်စွန့်ခွာရသူများအနက် ၈၀ ရာခိုင်နှုန်း ကျော်သို့ အကူအညီများဖြန့်ကျက်ပေးအပ်နိုင်ပြီဖြစ်သည်။
- ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ဘေးဒဏ်သင့်ပြည်သူများကို ပိုမိုကူညီပေးနိုင်ရေးအတွက် ဝင်ရောက်ကူညီခွင့်ရရှိနိုင်မည့် လမ်းကြောင်းများကို ဆက်လက်ရှာဖွေကြိုးပမ်းနေကြသည်။ အဖွဲ့အစည်းများစွာပါဝင်သော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဒီဇင်ဘာလ


The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to Coordinate the global emergency response to save lives and protect people in humanitarian crises. We advocate for effective and principled humanitarian action by all, for all.

**www.unocha.org/myanmar**

**Subscribe to OCHA Myanmar Products**

အစောပိုင်းက ဝဒေသသို့ သွားရောက်ခဲ့ပြီး၊ အခြားအဖွဲ့တစ်ဖွဲ့မှာ ရှမ်းပြည်နယ်တောင်ပိုင်းရှိ IDPs များထံသို့ အကူအညီများ ပေးပို့နိုင်ရေးအတွက် ခွင့်ပြုချက်ရရှိခဲ့သည်။

- လိုအပ်ချက်များ မြင့်တက်လာနေသော်လည်း၊၂၀၂၃ ခုနှစ်မကုန်မီ ရက်အနည်းငယ်သာကျန်တော့သည့် အချိန်တွင် မြန်မာနိုင်ငံ၏ ၂၀၂၃ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်ရေးအစီအစဉ် (HRP) အတွက် ရန်ပုံငွေလိုအပ်ချက်၏ ၂၉ ရာခိုင်နှုန်းကိုသာ လက်ခံရရှိထားသေးသည်။ နောင်လာမည့်နှစ်သစ်တွင် တုံ့ပြန်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေများကို အဆောတလျင် ထောက်ပံ့ပေးရန် အရေးတကြီးလိုအပ်နေပါသည်။

## အခြေအနေသုံးသပ်ချက်

မြန်မာနိုင်ငံ၏ ဒေသအများအပြား၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) အပါအဝင် လက်နက်ကိုင် တပ်ဖွဲ့အမျိုးမျိုးနှင့် မြန်မာ့တပ်မတော် (MAF) တို့အကြားတွင် ထိတွေ့တိုက်ပွဲများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီး ပစ်ခတ်မှုများ ပါဝင်သည့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး၊ မြို့နယ်များစွာတို့တွင် အရပ်သားထိခိုက်သေဆုံးမှုများ၊ နေရပ်စွန့်ခွာရမှုများ၊ အရပ်သားများ၏ ပစ္စည်းဥစ္စာထိခိုက်ပျက်စီးမှုများကို တိုးမြင့်လျက်ရှိသည်။ အတည်မပြုရသေးသော မြေပြင်သတင်းများအရ အောက်တိုဘာလ နှောင်းပိုင်းတွင် တိုက်ပွဲများ အရှိန်မြင့်လာချိန်မှစ၍ အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် အရပ်သား ၃၇၈ ဦးထက် မနည်း သေဆုံးခဲ့ပြီး၊ ၅၀၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တိုက်ပွဲများ ပြင်းထန်ချိန်မှစ၍ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လူဦးရေ ၆၆၀၀၀၀ ကျော် လတ်တလောနေရပ်စွန့်ခွာထွက်ပြေးနေရကြောင်း ခန့်မှန်းထားသည်။ နေရပ်စွန့်ခွာရသူအနည်းငယ်သည် မူရင်းဒေသများသို့ ပြန်လာနေကြသော်လည်း၊ အခြားသူများမှာ ဘေးလွတ်ရာသို့ အကြိမ်ကြိမ်နေရပ်စွန့်ခွာ ထွက်ပြေးနေရကြောင်း သိရှိရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တပ်သားသစ်အဖြစ် အတင်းအကျပ်စုဆောင်းခံရနိုင်သည့် အန္တရာယ် ရှိနေခြင်းကြောင့် အချို့သော IDPs များသည် လက်ရှိ ခိုလှုံရာစခန်းများမှ ထွက်ခွာရန် စိတ်မပါကြကြောင်း အစီရင်ခံထားသည်။ မြန်မာတစ်နိုင်ငံလုံးတွင် လက်ရှိ နေရပ်စွန့်ခွာရသူ အရေအတွက်သည် ၂ ဒသမ ၆ သန်းအထိ စံချိန်တင်ရောက်ရှိလာပြီဖြစ်သည်။

ပြည်သူများ၏ ရွှေ့လျားသွားလာရေးနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးတို့သည် အကြီးအကျယ် ကန့်သတ်ခံနေရပြီး၊ ဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှုပြတ်တောက်မှုများကြောင့် အရပ်သားပြည်သူများအချင်းချင်း ဘေးကင်းလုံခြုံရေးအချက်အလက်များ မျှဝေရေးနှင့် လူသားချင်း စာနာမှုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ထိခိုက်စေပါသည်။ လူသားချင်းစာနာမှုနှင့် ကူသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် ပို့ဆောင်ရေးလမ်းကြောင်းများကို အသုံးပြုခွင့် မရရှိခြင်းကြောင့် ဘေးဒဏ်သင့်ဒေသများတွင် စားနပ်ရိက္ခာနှင့် မရှိမဖြစ်သော အိမ်သုံးပစ္စည်းများ ရှားပါးလာပြီး၊ လူသုံးကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာကာ၊ လောင်စာဆီအကျပ်အတည်း ဖြစ်ပေါ်စေသည်။ ပဋိပက္ခဒဏ်သင့်ဒေသ အားလုံးတွင် အရေးအကြီးဆုံးသော လူသားချင်းစာနာမှုဆိုင်ရာလိုအပ်ချက်များမှာ စားနပ်ရိက္ခာ၊ ဘေးကင်းသော ခိုလှုံရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ တကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ၊ အခြေခံကျန်းမာရေးဝန်ဆောင်မှုများနှင့် ကာကွယ်စောင့်ရှောက်ရေး အကူအညီများဖြစ်ကြောင်း မိတ်ဖက်အဖွဲ့များက သတ်မှတ်ဖော်ထုတ်ထားကြသည်။ ဘာသာရေးအဖွဲ့အစည်းများနှင့် ဒေသခံ တုံ့ပြန်ဆောင်ရွက်သူများသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သွားလာဝင်ရောက်နိုင်သည့် နေရာတိုင်းတွင် နေရပ်စွန့်ခွာရသူများနှင့် ဘေးဒဏ်သင့်ပြည်သူများသို့ အသက်ကယ်ဆယ်ရေးအကူအညီများကို ဆက်လက် ထောက်ပံ့ပေးနေသည်။ ရန်ပုံငွေရရှိမှု နည်းပါးခြင်း၊ သွားလာရေးအခက်အခဲများရှိခြင်းနှင့် မမျှော်မှန်းနိုင်သော လိုအပ်ချက်များ လျင်မြန်စွာမြင့်တက်လာခြင်းတို့ကြောင့် ထောက်ပံ့ရေးပစ္စည်းများ မြန်ဆန်စွာ ကုန်ဆုံးလာခြင်းအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ အလွန်အမင်း ခက်ခဲနေသည့်ကြားမှပင်၊ လူသားချင်းစာနာမှု မိတ်ဖက်အဖွဲ့များသည် အရေအတွက်ပိုမိုများပြားသော ဘေးဒဏ်သင့်ပြည်သူများကို ဖြန့်ကြက်ကူညီပေးနေကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာရသူအများစု (၈၂၀၀၀ ခန့်) သည် အကူအညီများကို လက်ခံရရှိခဲ့ပြီး၊ လူဦးရေ ၅၀၀၀၀ သို့ အကူအညီများ ဖြန့်ကြက်

ပေးအပ်ထားပြီးဖြစ်သည့် အနောက်မြောက်ပိုင်းဒေသအပါအဝင် အခြားသော ဘေးဒဏ်သင့်ဒေသများတွင်လည်း တုံ့ပြန်ရေးလုပ်ငန်းများကို ဆက်လက်တိုးချဲ့ဆောင်ရွက်နေသည်။ အထိခိုက်ခံရဆုံးပြည်သူများသို့ အသက်ရှင်သန်ရေးအကူအညီများ ထောက်ပံ့ပေးနိုင်ရေးအတွက် ကုလသမဂ္ဂ အရေးပေါ်ကယ်ဆယ်ရေး ဗဟိုရန်ပုံငွေ (CERF) ထံမှ လျင်မြန်စွာတုံ့ပြန်ရေးလုပ်ငန်းအတွက် ခွဲဝေချထားငွေ အမေရိကန်ဒေါ်လာ ၇ သန်းကို လာမည့် ရက်သတ္တပတ်များအတွင်း ထောက်ပံ့ပေးပါမည်။

## လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများ

### အရှေ့မြောက်ပိုင်းဒေသ

- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပဋိပက္ခတွင်း ပါဝင်နေကြသူများအကြား အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း အစီရင်ခံချက်များရှိနေသည့်ကြားမှပင်၊ မြို့နယ်အချို့တို့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ မြို့နယ်အချို့တို့တွင် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများပါဝင်သည့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး၊ အတည်မပြုရသေးသော အစီရင်ခံစာများအရ တိုက်ပွဲများအရှိန်မြင့်တက်ချိန်မှစ၍ အရပ်သားစုစုပေါင်း ၁၃၀ ဦး သေဆုံးကာ၊ ၂၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။ လူနေအိမ် ၄၃၀ လုံးနှင့် အများပြည်သူပိုင်ဆိုင်မှုများလည်း ထိခိုက်ပျက်စီးခဲ့ရသည်။
- အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ ပြည်သူ ၁၂၀၀၀၀ နီးပါးသည် မိမိတို့နေအိမ်များကို ပစ်၍ ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးခဲ့ရသည်။ ထိုလူဦးရေအနက် ၂၀၀၀၀ ခန့်သည် နေရပ်သို့ ပြန်လာခဲ့ကြပြီး၊ ၉၉၀၀၀ ခန့်သည် အများးစုမှာရှမ်းပြည်နယ်မြောက်ပိုင်းရှိ ခိုလှုံရာ ၁၈၇ နေရာတွင်လည်းကောင်း၊ နယ်မြေချင်းထိစပ်နေသည့် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လည်းကောင်း နေရပ်စွန့်ခွာလျက်ရှိကြသည်။ လတ်တလောနေရပ်စွန့်ခွာရသူများသည် အဓိကအားဖြင့် ဘာသာရေးနေရာများနှင့် အိမ်ရှင်ရပ်ရွာများတွင် လည်းကောင်း၊ တောတောင်များအတွင်းရှိ ယာယီခိုလှုံရာနေရာများနှင့် တရုတ်-မြန်မာနယ်စပ်အနီးရှိ လယ်ကွင်းများတွင်လည်းကောင်း ခိုလှုံနေကြရသည်။
- လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များသည် နေရပ်စွန့်ခွာခိုလှုံရာနေရာ ၁၃၉ နေရာ (၇၄ ရာခိုင်နှုန်း) သို့ သွားလာဝင်ရောက်ခွင့် ရရှိခဲ့သော်လည်း၊ တိုက်ပွဲများ အဆက်မပြတ်ဖြစ်ပွားနေခြင်း၊ သွားလာရေးကန့်သတ်ချက်များရှိခြင်း၊ ဗျူရိုကရက်အုပ်ချုပ်ရေး စနစ် အတားအဆီးများ ရှိခြင်းတို့ ကြောင့် အရေးကြီးလိုအပ်ချက်များကို လျင်မြန်စွာ လေ့လာဆန်းစစ်ရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်နေသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေရပ်စွန့်ခွာရသူ ၈၂၀၀၀ နီးပါး (IDPs စုစုပေါင်း၏ ၈၂ ရာခိုင်နှုန်း) သည် မရှိမဖြစ်လိုအပ်သော လူသားချင်းစာနာမှုအကူအညီများကို လက်ခံရရှိခဲ့ကြရာ၊ အကူအညီအများစုမှာ ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီ၊ စားနပ်ရိက္ခာ၊ မရှိမဖြစ်သော ကယ်ဆယ်ရေးပစ္စည်းများနှင့် ဝန်ဆောင်မှုများဖြစ်ကြသည်။ တရုတ်-မြန်မာနယ်စပ်ရှိ IDPs ၃၀၀၀၀ ခန့် (ယခင်အပတ်က ၄၀၀၀၀ ရှိခဲ့ရာမှ လျော့နည်းလာခြင်းဖြစ်သည်) သည် လူသားချင်းစာနာမှုအကူအညီများကို မဆိုစလောက်သာ ရရှိနေဆဲ ဖြစ်သည်။
- အဖွဲ့အစည်းများစွာပါဝင်သော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် လွန်ခဲ့သော တစ်ပတ်က အခြေအနေကို လေ့လာသုံးသပ်ရန်အတွက် ဝဒေသရှိ နေရာအချို့သို့ အောင်မြင်စွာသွားရောက်နိုင်ခဲ့သည်။ သို့ရာတွင် နယ်စပ်ရှိ နေရာများသို့မူ မရောက်ရှိနိုင်ခဲ့ပါ။
- မြန်မာကျပ်ငွေဖောင်းပွခြင်းနှင့် ငွေတန်ဖိုးကျဆင်းခြင်းနှင့်အတူ ငွေသားအဖြစ်ပြောင်းလဲရန် ခက်ခဲမှုကြောင့် ငွေကြေးအကူအညီသည်လည်း ဝယ်ယူနိုင်စွမ်းနည်းပါးပြီး အသုံးခံခြင်းမရှိပေ။
- လားရှိုးလေဆိပ်ကို သီတင်းပတ် ခုနစ်ပတ်ကြာ ပိတ်ထားခံရဆဲဖြစ်သလို အဓိကပို့ဆောင်ရေးလမ်းကြောင်းများ အသုံးပြုနိုင်မှုသည်လည်း အကန့်အသတ်ဖြင့်သာရှိနေဆဲဖြစ်သည်။
- ကချင်ပြည်နယ်တွင် လုံခြုံရေးအခြေအနေမှာ တည်ငြိမ်မှုမရှိသေးဘဲ၊ လတ်တလောကာလအတွင်း ပြည်နယ်မြို့တော် မြစ်ကြီးနားအပါအဝင် မြို့နယ်အချို့တွင် လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုများ၊ တပ်ရွေ့လျားသွားလာမှုများ၊ အရပ်သားများအား တပ်ဖွဲ့ဝင်အဖြစ် စုဆောင်းမှုများရှိ ခဲ့ကြောင်း အစီရင်ခံထားသည်။
- ဒီဇင်ဘာလ ၁၃ ရက်နေ့မှစ၍ ဗန်းမော်-မြစ်ကြီးနား အဓိကလမ်းမကြီးပေါ်ရှိ မိုးမောက်မြို့နယ်တွင် မြန်မာ့တပ်မတော် (MAF) နှင့် ကချင် လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်။ သိသာထင်ရှားသည့်နေရပ်စွန့်ခွာရမှု အခြေအနေနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများ မရရှိသေးပါ။

- လက်နက်ကိုင်တပ်ဖွဲ့များက မန္တလေးနှင့်မြစ်ကြီးနားအကြားရှိ အရေးကြီးလမ်းမကြီးနှစ်လမ်းကို မကြာခဏပိတ်ဆို့ထားပြီး၊ စားနပ်ရိက္ခာနှင့် လောင်စာဆီအပါအဝင် အခြေခံလူသုံးကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်နေသည်မှာ တစ်လကျော်ကြာမြင့်ပြီဖြစ်သည်။
- ကချင်ပြည်နယ်တွင် ဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများ အလွန်ဆိုးရွားနေပြီး၊ အချို့ဒေသများတွင် အနည်းငယ်သာရရှိခြင်း သို့မဟုတ် လုံးဝပြတ်တောက်ခြင်းတို့ကို ကြုံတွေ့နေရသည့်အတွက် လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များအချင်းချင်း ဆက်သွယ်မှုများ အပါအဝင် ဆက်သွယ်ပြောကြားမှုအားလုံးကို နှောင့်နှေးစေပါသည်။

## ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်း

- ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းတို့တွင်၊ လွန်ခဲ့သော တစ်ပတ်အတွင်း မောင်တော၊ မြောက်ဦး၊ ပေါက်တောနှင့် ပလက်ဝ မြို့နယ်တို့၌ မြန်မာ့တပ်မတော် (MAF) နှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားနေသည်။ ရခိုင်ပြည်နယ်တောင်ပိုင်းရှိ မြို့နယ်တချို့နှင့် စစ်တွေမြို့နယ်တို့မှအပ၊ မြို့နယ်အားလုံးနီးပါးတွင် လက်နက်ကြီးပစ်ခတ်မှုများ မကြာခဏ ရှိခဲ့သည်။
- တိုက်ပွဲများကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ မြင့်တက်လာခဲ့ရာ နိုဝင်ဘာလ ၁၃ ရက်မှ ဒီဇင်ဘာလ ၁၁ ရက်နေ့အထိ ကာလ အတွင်းတွင် အရပ်သား ၃၇ ဦးသေဆုံးခဲ့ပြီး၊ ၁၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစီရင်ခံထားသည်။ အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားချိန်မှစ၍ ရခိုင်ပြည်နယ်တစ်ဝှမ်းလုံးတွင် ဥပဒေမဲ့ဖမ်းဆီးခံရမှုများ မြင့်တက်လာပြီး၊ ဆန့်ကျင်ဖက်အဖွဲ့အစည်းနှင့် ပတ်သက်သည်ဟူသော စွပ်စွဲချက်များဖြင့် ဖမ်းဆီးခံထားရသူဦးရေ ၁၉၀ ကျော်ရှိခဲ့သည်။
- အဆက်မပြတ်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ပြည်သူ ၁၁၁၀၀၀ ကျော်တို့ လတ်တလောနေရပ်စွန့်ခွာထွက်ပြေးနေရသည်။ ဤအရေအတွက်မှာ ယခင်က MAF နှင့် AA တို့အကြားတိုက်ပွဲများကြောင့်လည်းကောင်း၊ ရခိုင်ပြည်နယ်တစ်ဝှမ်းလုံးနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့်လည်းကောင်း နေရပ်စွန့်ခွာရခဲ့ရသည့် ရခိုင်နှင့် ရိုဟင်ဂျာ IDPs ၂၀၅၀၀၀ ဦး ရှိနေသည့် အခြေအနေတွင် ထပ်တိုးလာခြင်းဖြစ်သည်။
- လုံခြုံမှုမရှိခြင်းနှင့် ဝင်ရောက်ကူညီခွင့်များကို ဆက်လက်ကန့်သတ်ထားမှုများကြောင့် လူသားချင်းစာနာမှုလုပ်ငန်းများ ဆောင်ရွက်ရေးကို အဟန့်အတားဖြစ်နေသည်။ လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်းများသည်လည်း ဘေးဒဏ်ကြောင့် ထိခိုက်ခံရခြင်း၊ ဖမ်းဆီးခံရခြင်း သို့မဟုတ် နေရပ်စွန့်ခွာရခြင်းတို့ကို ကြုံတွေ့နေရသည်။ အချို့သော ဒေသခံတုံ့ပြန်ဆောင်ရွက်သူများနှင့် ဘာသာရေးကွန်ရက်များသည် ဝင်ရောက်ကူညီခွင့်ဆိုင်ရာ အခက်အခဲများနှင့် ဘေးကင်းလုံခြုံရေးအန္တရာယ်များ ကြီးမားစွာ ရှိနေသည့်ကြားမှပင် ဘေးဒဏ်သင့် ပြည်သူ အချို့ထံသို့ အကူအညီများကို တတ်နိုင်သမျှ ထောက်ပံ့နိုင်ရန် ကြိုးပမ်းစီစဉ်နေကြသည်။
- လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများအနေဖြင့် လက်ရှိတိုက်ပွဲများ အရှိန်မြင့်တက်လာမီကပင် လိုအပ်ချက်များ ရှိနေပြီးဖြစ်သည့် ထိခိုက်လွယ်ပြည်သူများအတွက် ပေးအပ်နေသော အကူအညီများ ပြတ်တောက်သွားမည်ကို အလွန်စိုးရိမ်နေကြသည်။ ပြည်သူ့အသက်များ ထပ်မံမဆုံးရှုံးစေရေးအတွက် ပုံမှန်အကူအညီများပေးအပ်မှုကို ပံ့ပိုးကူညီပေးရန်လိုအပ်နေပါသည်။
- ရခိုင်ပြည်နယ်အတွင်းနှင့် ပြည်နယ်အတွင်းသို့ဝင်ရောက်နိုင်သည့် ရေလမ်း၊ ကုန်းလမ်းအားလုံးကို ပိတ်ဆို့ထားဆဲဖြစ်ပြီး၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းအားလုံးကို ရပ်နားထားရသည့်အတွက် လောင်စာဆီ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများအပါအဝင် ကူးသန်းရောင်းဝယ်ရေးကုန်ပစ္စည်းများနှင့် လူသားချင်းစာနာမှုအကူအညီများအတွက် ရည်ရွယ်ထားသည့် ပစ္စည်းများ၏ စီးဆင်းမှုကို ထိခိုက်စေသည်။ လောင်စာဆီကုန်ခမ်းလာခြင်းကြောင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများအပါအဝင် လုပ်ငန်းများစွာတို့ကို ကျယ်ပြန့်စွာ ထိခိုက်စေသည်။
- စားနပ်ရိက္ခာရှားပါးခြင်းနှင့် အကျိုးဆက်အဖြစ် မရှိမဖြစ်လိုအပ်သော အိမ်သုံးပစ္စည်းများ၏ ကုန်ကျစရိတ်များ သိသိသာသာ မြင့်တက်လာခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်နေပြီး၊ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဝင်ငွေနည်းမိသားစုများနှင့် အထိခိုက်လွယ်ဆုံးသူများကို ထိခိုက်စေပါသည်။ ပဋိပက္ခဒဏ်သင့်ဒေသများတွင် ကောက်ပဲသီးနှံများကို ပြီးစီးအောင် မရိတ်သိမ်း နိုင်သည့်အတွက် မိုခါမုန်တိုင်းဒဏ်ကြောင့် ဖရိုဖရဲဖြစ်နေဆဲဖြစ်သည့် ပြည်သူများ၏ လိုအပ်ချက်များကို ပိုဆိုးလာစေသည်။

## မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသနှင့် အလယ်ပိုင်းဒေသ

- မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသနှင့် အလယ်ပိုင်းဒေသတို့တွင်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ အရာတော်နှင့် အင်းတော်မြို့နယ်၊ မကွေးတိုင်းဒေသကြီးရှိ ပခုက္ကူနှင့်ပွင့်ဖြူမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ကျောက်ဆည်၊ နွားထိုးကြီးနှင့် တောင်သာမြို့နယ်များ အပါအဝင်

မြို့နယ်အများအပြား၌ လွန်ခဲ့သော တစ်ပတ်လုံးတွင် ပြင်းထန်သောတိုက်ပွဲများနှင့်အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။ ဒီဇင်ဘာလ ပထမပတ်အတွင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကောလင်းနှင့် ထီးချိုင့်မြို့နယ်များ၏ မြို့ပေါ်ဧရိယာများကို မည်သူမည်ဝါမခွဲခြားဘဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုများ ရှိခဲ့ကြောင်း အစီရင်ခံထားသည်။

- မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသနှင့် အလယ်ပိုင်းဒေသတို့တွင် တိုက်ပွဲများ အရှိန်မြင့်တက်လာချိန်မှစ၍ မူလနေရပ်များသို့ ပြန်သွားသူ အနည်းငယ်ရှိခဲ့သော်လည်း၊ နေရပ်စွန့်ခွာရသူအရေအတွက်မှာ ၃၁၄၀၀၀ ကျော်အထိ မြင့်တက်လာခဲ့သည်။ ဤအရေအတွက်တွင် ကောလင်းနှင့် ထီးချိုင့်မြို့နယ်တို့မှ လတ်တလောနေရပ်စွန့်ခွာရသူ ၁၃၀၀၀၀ ခန့်နှင့် စစ်ကိုင်းဒေသကြီး ခမ်းပတ်မြို့၊ မကွေးတိုင်းဒေသကြီးရှိ ထီးလင်းနှင့် ယောမြို့နယ်တို့တွင် ဒီဇင်ဘာလအစောပိုင်းမှစ၍ နေရပ်စွန့်ခွာရသူ ၇၀၀၀ ကျော်တို့လည်း ပါဝင်ကြသည်။
- အဆက်မပြတ်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် အရပ်သား ၁၁၈ ဦးသေဆုံးပြီး၊ ၇၃ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစီရင်ခံထားသည်။ လူနေအိမ်၊ ဘာသာရေးအဆောက်အဦများနှင့် စာသင်ကျောင်း ၅၅၃ လုံးတို့လည်း ထိခိုက်ပျက်စီးခဲ့ရသည်။ ထို့အပြင် စစ်ကြောင်းထိုးစဉ် အတွင်းနှင့် စစ်ဆေးရေးဂိတ်များတွင် ဥပဒေမဲ့ဖမ်းဆီးခံရမှုများ ဆက်လက်ဖြစ်ပွားနေပြီး၊ ဒီဇင်ဘာလအစောပိုင်းမှစ၍ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးနှင့် မုံရွာမြို့နယ်များတွင် အရပ်သား ၁၁၀ ဦး ဖမ်းဆီးခံထားရကြောင်း အစီရင်ခံထားသည်။
- လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့ရှိ IDPs ၅၀၀၀၀ နီးပါးသို့ ဘက်စုံသုံးငွေကြေးအကူအညီ အများစုပါဝင်သည့် အရေးပေါ်အကူအညီများကို ထောက်ပံ့ ပေးအပ်ခဲ့သည်။ သို့ရာတွင် လိုအပ်ချက်များမှာ တုံ့ပြန်ကူညီနိုင်စွမ်းထက် များစွာ ကျော်လွန်နေဆဲဖြစ်သည်။ တိုက်ပွဲများ အဆက်မပြတ် ဖြစ်ပွားနေခြင်း၊ လူသားချင်းစာနာမှုလုပ်သားများ၏ ဘေးကင်းလုံခြုံရေးကို စိုးရိမ်ရခြင်း၊ လမ်းများ ပိတ်ဆို့ထားခြင်း၊ သွားလာမှုများကို ကန့်သတ်ထားခြင်း၊ ခရီးသွားခွင့်ပြုမိန့်မရှိခြင်းတို့ကြောင့် လူသားချင်းစာနာမှုအကူအညီများ ဝင်ရောက်ပေးအပ်ရေးကို အလွန်အမင်း ခက်ခဲစေပြီး၊ လောင်စာဆီအကျပ်အတည်းနှင့် ဆိုးရွားသည့် ဘဏ်လုပ်ငန်းပြဿနာများကလည်း အခြေအနေကို ထပ်မံ ရှုပ်ထွေးစေပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းရှိ ကောလင်းနှင့် ထီးချိုင့်မြို့နယ်တွင် IDPs ၁၅၀၀၀၀ ခန့်သည် လူသားချင်းစာနာမှုအကူအညီများကို ရရှိနိုင်ခြင်းမရှိသေးဘဲ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဤဒေသတွင် ဖြစ်နိုင်သော တုံ့ပြန်ရေးလုပ်ငန်းများအတွက် လမ်းကြောင်းများကို ရှာဖွေကြံဆနေကြသည်။

### အရှေ့တောင်ပိုင်းဒေသ

- အရှေ့တောင်ပိုင်းဒေသရှိ ပြည်နယ်/တိုင်းဒေသကြီးအားလုံးနီးပါးတွင် နိုဝင်ဘာလ ၁၁ ရက်နေ့မှစ၍ မြို့နယ်အများအပြား၌ ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားနေသည်။ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိုက်ပွဲများ ပြင်းထန်ခဲ့သည်မှာ တစ်လကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး၊ လက်နက်ကြီးအပြန်အလှန်ပစ်ခတ်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ငယ်ပစ်ခတ်မှုများအပြင် ဒရုန်းဖြင့် တိုက်ခိုက်မှုများလည်း ပါဝင်ခဲ့သည်။ လက်နက်ကြီး လက်နက်ငယ်များဖြင့် မည်သူမည်ဝါမခွဲခြားဘဲ ရမ်းသမ်းပစ်ခတ်မှုများကြောင့် နိုဝင်ဘာလ ၁၁ ရက်နေ့မှစ၍ အရပ်သား ၉၃ ဦးသေဆုံးခဲ့ပြီး၊ ၁၀၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ရာ၊ အများအပြားမှာ ရှမ်း-ကယားနယ်စပ်တစ်လျှောက်တွင်ဖြစ်သည်။
- အောက်တိုဘာလ ၃၁ ရက်နေ့မှ ဒီဇင်ဘာလ ၁၁ ရက်နေ့အထိ ကာလအတွင်း လူဦးရေ ၁၃၆၀၀၀ ကျော်သည် လတ်တလော နေရပ်စွန့်ခွာခဲ့ရကြောင်း အတည်ပြုထားပါသည်။
- လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများသည် လိုအပ်ချက်များ မြင့်တက်လာသည့်ကြားမှပင် ဘာသာရေးခေါင်းဆောင်များ၊ အခြားသော အကျိုးသက်ဆိုင်သူများနှင့်ပူးပေါင်းလျှက် နည်းလမ်းအမျိုးမျိုးကို အသုံးပြု၍ အကူအညီများပေးအပ်နေကြသည်။
- အရှေ့တောင်ပိုင်းဒေသရှိ နေရာအများစုတွင် လူသားချင်းစာနာမှုဝင်ရောက်ကူညီခွင့်များကို တင်းကျပ်စွာကန့်သတ်ထားဆဲဖြစ်သည်။
- ပြည်သူများ၏ ရွှေ့လျားသွားလာမှုနှင့် မရှိမဖြစ်သော ကုန်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးကို ကန့်သတ်ထားဆဲဖြစ်ပြီး၊ အထူးသဖြင့် ကယားပြည်နယ်သို့ ဝင်ရောက်မှုများကို တင်းကျပ်စွာကန့်သတ်ထားသည်။
- မြို့နယ် ၆ မြို့နယ်ရှိ (ဟိုပင်၊ ဆီဆိုင်၊ ကလော၊ ညောင်ရွှေ၊ ပင်လောင်းနှင့် တောင်ကြီး) ခိုလှုံရာစခန်းများမှ IDPs ၁၁၀၀၀ ဦးသို့ ကဏ္ဍစုံအဖွဲ့အစည်းများစွာပါဝင်သော အဖွဲ့မှ လူသားချင်းစာနာမှုအကူအညီများ ဖြန့်ဝေပေးရန် ခွင့်ပြုချက် ရရှိထားပါသည်။

## အဓိကစိန်ခေါ်မှုများ၊ အကူအညီပေးရန်လစ်ဟာမှုများနှင့် အသိပေးချက်များ

- လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများသည် အောက်တိုဘာလကုန်ခန့်မှစ၍ တိုက်ပွဲများ အရှိန်မြင့်တက်လာခြင်းနှင့် အထူးသဖြင့် မြို့ပြဒေသများအပေါ် လေကြောင်းမှ ဗုံးကြဲမှုများအပါအဝင် အရပ်သားပြည်သူများနှင့် အကူအညီပေးရေး ဝန်ထမ်းများ ကြုံတွေ့နေရသည့် အန္တရာယ်များ မြင့်တက်လာခြင်းတို့အပေါ် အလွန်အမင်းစိုးရိမ်လျက်ရှိသည်။ တိုက်ပွဲဝင်စစ်သည်နှင့် အရပ်သားခွဲခြားသိမြင်ခြင်းနှင့် အရပ်သားနှင့်အရပ်ဖက်ဆိုင်ရာများထိခိုက်စေသည်အထိ အင်အားအလွန်အကျူးအသုံးမပြုခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများကို စွဲမြဲလိုက်နာကြရမည်ဖြစ်သည်။
- ဘေးလွတ်ရာရှာဖွေနေကြသည့် ပြည်သူများကို ဘေးကင်းလုံခြုံစွာ ဖြတ်သန်းခွင့်ပေးပြီး၊ ကာကွယ်စောင့်ရှောက်ပေးရမည်။ ဘေးဒဏ်သင့်ပြည်သူများကို ၎င်းတို့အား ခိုလှုံခွင့်ပေးထားသည့် ရပ်ရွာများနှင့် ဘာသာရေးနေရာများမှ ပြန်သွားစေခြင်း မပြုလုပ်သင့်ပါ။
- လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများအနေဖြင့် အသက်ကယ်ဆယ်ရေးအကူအညီများ ပေးအပ်နိုင်ရေးနှင့် အရပ်သား ပြည်သူများ၏ အသက်များကို ကယ်ဆယ်နိုင်ရေးအတွက် လက်ရှိ ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ထိခိုက်ခံနေရသည့် ရပ်ရွာပြည်သူများ ထံသို့လည်းကောင်း၊ ဤတိုက်ပွဲများ မဖြစ်ပွားမီကပင် လိုအပ်ချက်များ ရှိနေပြီးဖြစ်သည့် ပြည်သူများထံသို့လည်းကောင်း ဝင်ရောက်ကူညီခွင့်များ ရရှိရန် အရေးတကြီးလိုအပ်နေပါသည်။
- ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆက်လက်ပြတ်တောက်နေခြင်းကြောင့် ဘေးဒဏ်ခံပြည်သူများနှင့် ဆက်သွယ်ပြောကြားမှုကို လည်းကောင်း၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများအတွက် အရေးကြီးသော လိုအပ်ချက်ဆန်းစစ်ရေး လုပ်ငန်းများကို လည်းကောင်း ကြန့်ကြာစေပါသည်။
- ပဋိပက္ခဒဏ်သင့် ဒေသများတွင် ငွေကြေးနှင့် လူသုံးကုန်ပစ္စည်းများ ရှားပါးလာခြင်းနှင့်အတူ မရှိမဖြစ်လိုအပ်သော ပစ္စည်းများအတွက် ကုန်ကျစရိတ်များ မြင့်မားလာခြင်းကြောင့် လတ်တလော နေရပ်စွန့်ခွာလာရသူများအား ကူညီပေးနေသည့် အိမ်ရှင်ရပ်ရွာလူထုအတွက် ပိုမိုကျပ်တည်းစေပါသည်။
- လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများက မြန်မာနိုင်ငံတွင် မြင့်တက်လာနေသော လိုအပ်ချက်များကို ထိရောက်စွာဖြင့် အရှိန်မြှင့်တင်ကူညီပေးနိုင်ရေးအတွက် ရန်ပုံငွေများကို အဆောတလျင်ထောက်ပံ့ပေးရန် အရေးတကြီးလိုအပ်နေပါသည်။

*** ဤသတင်းလွှာပါ အချက်အလက်များသည် မြေပြင်ရှိ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များထံမှ ကနဦးပေးပို့သောအချက်အလက်များကို အခြေခံထားသည်။ အခြေအနေမှာ တည်ငြိမ်မှုမရှိဘဲ၊ ခန့်မှန်းထားသော ကိန်းဂဏန်းများသည်လည်း အပြောင်းအလဲရှိနိုင်ပါသည်။*

သတင်းအချက်အလက် ထပ်မံသိရှိလိုပါက ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်ပါရန်

**Sajjad Mohammad Sajid,** Head of Office, sajid@un.org

**Danielle Parry,** Deputy Head of Office, parryd@un.org, +95 9797002713 (Phone/Signal)

**ပိုမိုသိရှိလိုပါကဝင်ရောက်ကြည့်ရှုရန် -** https://www.facebook.com/OCHAMyanmar; https://twitter.com/ochamyanmar;